ပုံစံ (၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၃ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၅/၂၀၂၃)

| | |
|---|---|
| ဒေါ်ထွေးထွေးအောင်(အလုပ်သမား)<br>(၁၉)ရပ်ကွက်၊ BOC မှတ်တိုင်အနီး၊<br>လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်နန်းကြိမ်ခမ်း(အလုပ်ရှင်)<br>E & P Fashion Co.,Ltd (အထည်ချုပ်စက်ရုံ)<br>အမှတ် (၁၈၇)၊ အနော်ရထာလမ်း၊ စက်မှုဇုန်(၅)၊<br>လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၈၇)၊ အနော်ရထာလမ်း၊ စက်မှုဇုန်(၅) ရှိ E & P Fashion Co.,Ltd (အထည်ချုပ်စက်ရုံ)၊ အလုပ်ရှင် ဒေါ်နန်းကြိမ်ခမ်း နှင့် အလုပ်သမား ဒေါ်ထွေးထွေးအောင် တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ အငြင်းပွားမှုအမှတ် (၂၀/၂၀၂၃) ဖြင့် ညှိနှိုင်းဖျန်ဖြေခဲ့သော်လည်း ညှိနှိုင်းမှုမရရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်း

ပေးပို့ခဲ့သည့်အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အငြင်းပွားမှုအမှတ် (၂၃/၂၀၂၃) ဖြင့် စစ်ဆေးဆုံးဖြတ်ထားခြင်းကို အလုပ်သမား ဒေါ်ထွေးထွေးအောင်မှ ကျေနပ်မှု မရှိသည့်အတွက် မိမိတို့ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာခြင်းကို ခုံသမာဓိကောင်စီမှ အငြင်းပွားမှုအမှတ် (၁၅/၂၀၂၃)အဖြစ် လက်ခံခဲ့ပြီး ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးရန် အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီမှ ၁-၁၂-၂၀၂၃ ရက်နေ့တွင် ရုံးအမိန့်စာအမှတ် (၁၉၉/၂၀၂၃) ဖြင့် ခုံအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်း (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်သောကြောင့် ဤအမှုကို ကြားနာစစ်ဆေးဆုံးဖြတ်သည်။

**<u>အမှုဖြစ်စဉ်အကျဉ်း</u>**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၈၇)၊ အနော်ရထာ လမ်း၊ စက်မှုဇုန်(၅)ရှိ ဒေါ်နန်းကြိမ်ခမ်းပိုင်ဆိုင်သော E & P Fashion Co.,Ltd (အထည်ချုပ်စက်ရုံ) မှ ဒေါ်ထွေးထွေးအောင်( အလုပ်သမား)သည် ၆-၁၀-၂၀၂၃ ရက်နေ့တွင် Gatepass ထွက်ပြီး အရက် သယ်ဆောင်ခြင်း၊ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းခွင် အလုပ်ချိန်အတွင်း အိပ်စက်ခြင်းတို့နှင့် ပတ်သက်၍ အလုပ်မှ ထုတ်ပယ်ခြင်းအပေါ် အလုပ်သမား ဒေါ်ထွေးထွေးအောင်မှ ကျေနပ်မှုမရှိ သည့်အတွက် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့မှ (၃)ကြိမ်တိုင်တိုင် ခေါ်ယူညှိနှိုင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသည့်အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အငြင်းပွားမှုအမှတ် (၂၃/၂၀၂၃)ဖြင့် လက်ခံစစ်ဆေး၍ အောက်ပါအတိုင်း ကောက်ချက်ပြု၍ ဆုံးဖြတ်ခဲ့သည်-

**ကောက်ချက်** ။ အလုပ်သမား ဒေါ်ထွေးထွေးအောင်အား အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**ဆုံးဖြတ်ချက်** ။ အလုပ်ရှင်က အလုပ်သမား ဒေါ်ထွေးထွေးအောင်အား အလုပ်ပြန်လည် ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။

၃။ ထိုဆုံးဖြတ်ချက်ကို အလုပ်သမား ဒေါ်ထွေးထွေးအောင်မှ ကျေနပ်မှုမရှိ၍ မိမိတို့ ခုံသမာဓိကောင်စီသို့ လျှောက်ထားလာခြင်း၌ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့တို့မှ တင်ပြလာသောအမှုတွဲ၊ နှစ်ဦးနှစ်ဖက်ထွက်ဆိုချက်များနှင့် မှတ်တမ်းအထောက်အထားများကို စိစစ်၍ သုံးသပ်ဆုံးဖြတ်သည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် ဤအငြင်းပွားမှုအား ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (က) အရ သက်ဆိုင်ရာ အငြင်းပွားသူများကို **“ကြားနာလိုက ကြားနာစစ်ဆေးခြင်း သို့မဟုတ် ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်”** ဟု ပြဋ္ဌာန်းထားသည့်အတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသည့် စာရွက်စာတမ်းအထောက်အထားများ၊ ထွက်ဆိုချက်များ၊ တောင်းဆိုသူ၊ တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများကို အခြေခံစိစစ်၍ အောက်ပါအတိုင်း ကောက်ချက်ပြု ဆုံးဖြတ်သည်။

**<u>စိစစ်တွေ့ရှိချက်</u>**

၅။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အလုပ်သမား ဒေါ်ထွေးထွေးအောင်၏ ထွက်ဆိုချက်၌ ၁၈-၅-၂၀၂၃ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ခြင်း၊ ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်ရှင်ဘက်မှ ကျွန်မအိပ်နေသည်ဟု ထင်မြင်ယူဆချက်ဖြင့် အလုပ်မှ ထုတ်ပယ်မှုမှာ ကျွန်မအနေဖြင့် အိပ်နေခြင်းမဟုတ်ပါသောကြောင့် သက်ဆိုင်ရာလူကြီးမင်းတို့မှ ဥပဒေနှင့်အညီ ဖြေရှင်းပေးပါရန်နှင့် အလုပ်ပြန်လည်ခန့်ထားပေးရန် တင်ပြအပ်ပါသည်ဟု ထွက်ဆိုထားသည်။ အလုပ်ရှင်ကိုယ်စား ဒေါ်ဇင်ဇင်သော်၏ ထွက်ဆိုချက်တွင် ဒေါ်ထွေးထွေးအောင်သည် E & P Fashion Co.,Ltd (အထည်ချုပ်စက်ရုံ)တွင် Helper ရာထူးဖြင့် လုပ်ကိုင်နေသော အလုပ်သမားဖြစ်ကြောင်း ID Card – 0829 ဒေါ်ထွေးထွေးအောင်ဖြစ်ကြောင်း၊ ၉-၁၀-၂၀၂၃ ရက်နေ့တွင် အရက်သေစာများ စက်ရုံအတွင်းသို့ ယူဆောင်လာသောကြောင့် နောက်ဆုံးအကြိမ်သတိပေးစာပေးခဲ့သည်။ ထိုဝန်ထမ်းဖြစ်သူမှလက်ခံပြီး လက်မှတ်ထိုးပေးခဲ့သည်။ ထို့နောက် ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် စက်ရုံမှချမှတ်သော စည်းကမ်းဖြစ်သည့် အလုပ်ချိန်တွင် အိပ်စက်ခြင်းမပြုရဟု သတ်မှတ်ထားသော စည်းကမ်းကို မလိုက်နာဘဲ အိပ်စက်နေခြင်းကြောင့် အလုပ်မှထုတ်ပယ်ခြင်း (Warning) ထိုးခိုင်း

သည်ကို မထိုးပေးခဲ့ပါ။ HR မန်နေဂျာမှ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် ထိုဝန်ထမ်းကို အလုပ်မှ ထုတ်ပယ်ပြီးဖြစ်ကြောင်း၊ အကြောင်းကြားပြီးဖြစ်ကြောင်း ထွက်ဆိုထားသည်။ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(မြို့နယ်ရုံး)၊ ဦးစီးအရာရှိမှ ရန်ကုန်တိုင်းဒေသကြီး၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံးသို့ တင်ပြသော အစီရင်ခံစာတွင် အလုပ်သမား ဒေါ်ထွေးထွေးအောင်မှ မိမိသည် ၁၈-၅-၂၀၂၃ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ကြောင်း၊ နောက်ဆုံးထုတ်လစာမှာ (၁၆၈၀၀၀/-)ဖြစ်ကြောင်း၊ EC စာချုပ်တွင် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ၉-၁၀-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းခွင်အတွင်းသို့ အရက်သေစာသယ်ယူသည့်ကိစ္စနှင့်ပတ်သက်၍ ခံဝန်လက်မှတ်ထိုးထားပါကြောင်း၊ အလုပ်ရှင်ဘက်မှ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းခွင်အတွင်း အိပ်နေသည်ဟူသော အကြောင်းပြချက်ဖြင့် ၂၀-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်မှ ထုတ်ပယ်ခဲ့ပါကြောင်း ဖော်ပြပါရှိသည်ကို စိစစ်တွေ့ရှိရသည်။ မြို့နယ်ဦးစီးမှူး၏ အစီရင်ခံစာတွင် အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ဇင်ဇင်သော် (HR Assistant )မှ ထွက်ဆိုချက်တွင် ဒေါ်ထွေးထွေးအောင်သည်၁၈-၅-၂၀၂၃ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပါကြောင်း၊ ၉-၁၀-၂၀၂၃ ရက်နေ့တွင် အရက်သေစာများ စက်ရုံအတွင်းသို့ ယူဆောင်လာသောကြောင့် ခံဝန်ကတိပေးစာ ပေးခဲ့သည်ကို အလုပ်သမားမှ လက်ခံပြီး ၊ ခံဝန်တွင် လက်မှတ်ရေးထိုးထားပါကြောင်း ၊ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်ချိန်အတွင်း အိပ်နေသောကြောင့် အလုပ်မှထုတ်ပယ်ခြင်းဖြစ်ကြောင်း၊ စက်ရုံမန်နေဂျာ အပြောင်းအလွှဲကြောင့် အလုပ်သမား ဒေါ်ထွေးထွေးအောင်သည် ၁၉-၁၀-၂၀၂၃ ရက်နေ့တွင် စက်ရုံသို့ လာရောက်ခဲ့သော်လည်း အလုပ်တက်ရောက်သူစာရင်းတွင် ဒေါ်ထွေးထွေးအောင်၏ အမည်စာရင်းမှ ၁၉-၁၀-၂၀၂၃ ရက်နေ့ကတည်းက ပါဝင်ခြင်းမရှိတော့ပါကြောင်း၊ ၂၀-၁၀-၂၀၂၃ ရက်နေ့တွင် အလုပ်မှ ထုတ်ပယ်ပါကြောင်း၊ EC စာချုပ်အား အလုပ်သမားနှင့်ချုပ်ဆိုထားပြီး သက်ဆိုင်ရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် ၁၇-၁၀-၂၀၂၃ ရက်နေ့တွင် တင်ပြထားပါကြောင်း၊ ဒေါ်ထွေးထွေးအောင်အား အလုပ်ခန့်ထားစဉ်က CV Form တွင်ပါရှိသော စက်ရုံစည်းကမ်းချက်များနှင့်အညီ အလုပ်မှထုတ်ပယ်ခြင်းဖြစ်ကြောင်း၊ အလုပ်သမား၏ လက်မှတ်ထိုးထားသည့် ခံဝန်ကတိပေးစာမှတ်တမ်း၊ အလုပ်သမား၏ CV Form မှတ်တမ်း၊ အလုပ်သမား

ဒေါ်ထွေးထွေးအောင်၏ ကျူးလွန်ခဲ့သော လုပ်ငန်းခွင်အတွင်းအရက်သေစာများယူဆောင်သည့် CCTV မှတ်တမ်းများ တင်ပြပါကြောင်း၊ စက်ရုံစည်းကမ်းများလိုက်နာခြင်းမရှိသည့်အတွက် အလုပ်မှ ထုတ်ပယ်ခြင်းဖြစ်၍ အလုပ်ပြန်လည်မခန့်ထားနိုင်ကြောင်း ဖော်ပြပါရှိသည်ကို မိမိတို့ ခုံအဖွဲ့မှ စိစစ်တွေ့ရှိရသည်။ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အစီရင်ခံစာတွင် အလုပ်သမား ဒေါ်ထွေးထွေးအောင်သည် CV Form တွင်ပါ စက်ရုံစည်းကမ်းများကို အလုပ်သမားဘက်မှ ဖောက်ဖျက်သဖြင့် ခံဝန်သတိပေးစာတွင် အလုပ်သမားဘက်မှ လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိခဲ့ရပြီး အလုပ်သမား ဒေါ်ထွေးထွေးအောင်မှလည်း လက်မှတ်ရေးထိုးသည်မှာ မှန်ကန်ကြောင်း ဝန်ခံထားကြောင်း၊ အလုပ်ရှင်မှ တင်ပြသည့် CCTV မှတ်တမ်းတွင် အလုပ်သမား ဒေါ်ထွေးထွေးအောင်သည် လုပ်ငန်းခွင်တွင်အိပ်နေသည်ကို အထင်အရှား တွေ့ရကြောင်း၊ အလုပ်သမားသည် ခံဝန်သတိပေးစာတွင် လက်မှတ်ထိုးထားပြီးဖြစ်၍ လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်ရာတွင် အခြားအလုပ်သမားများထက် ပိုမိုဂရုစိုက်ရန် လိုအပ်ပါကြောင်းတို့ ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရသည်။

၆။ တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့တွင် အလုပ်သမား ဒေါ်ထွေးထွေးအောင်၏ ထွက်ဆိုချက်တွင် အရက်သေစာဝယ်ယူခြင်းနှင့်ပတ်သက်၍ စက်ရုံရှိ စာရေးမ ဒေါ်ပန်းအိန္ဒယ်မှ ဒေါ်ခိုင်သက်ဦးကို ဝယ်ခိုင်းပါသည်။ ခိုင်သက်ဦးနှင့် ထွေးထွေးအောင်တို့သည် Gatepass နှင့် အပြင်ထွက်၍ စက်ရုံသို့ ပြန်ဝင်ရောက်သောအခါ (၂)ဦးအတူ ဝင်ရောက်ခဲ့ပြီး ခိုင်သက်ဦးလက်ထဲတွင် လုံခြုံရေးမှ စစ်ဆေးသည့်အခါ အရက်ပုလင်းတွေ့ရှိပါသည်။ ထွေးထွေးအောင်လက်ထဲတွင် မတွေ့ရှိပါကြောင်းနှင့် ၁၈–၁၀–၂၀၂၃ ရက်နေ့ နေ့လည် ၁ နာရီခန့်တွင် အမျိုးသမီးလစဉ်ဖြစ်သည့်ကိစ္စအတွက် အားနည်းလာသောကြောင့် စက်ရုံတွင် ဆေးပေးပစ္စည်းများ အလုံအလောက်မရှိသည့်အခါ အလုပ်သမားသည် စက်ခုံပေါ်တွင်မှောက်အိပ်နေပါသည်။ ၅ မိနစ်ခန့်သာဖြစ်ပြီး အထည်ရောက်လာလျှင် အလုပ်အကိုင် အဆက်မပြတ် ဆက်လုပ်ခဲ့ပါသည်။ CCTV တွင် အိပ်နေခြင်းကို အလုပ်ရှင်မှ တွေ့ပါသည်။ ၁၉–၁၀–၂၀၂၃ ရက်နေ့တွင် အလုပ်ခိုင်းထားပါသည်။ အရက်ဝယ်ခြင်းကိစ္စနှင့် ခံဝန်ထိုးခဲ့ပါသည်။ အရက်ကိုင်ထားသော ခိုင်သက်ဦးအား ခံဝန်ကတိသာ ထိုးခိုင်းပြီး အလုပ်ထုတ်ပယ်ခြင်းမပြုပါ။ ၁၉–၁၀–၂၀၂၃ ရက်နေ့ ခံဝန်ကတိတွင် စက်ရုံအတွင်းသို့ အရက်သေစာယူဆောင်လာခြင်းကြောင့်

နောက်ဆုံးအကြိမ်သတိပေးစာဖြစ်သည်။ နောက်နောင်ကျူးလွန်ပါက အလုပ်ထုတ်ပယ်ခြင်းခံရမည်။ ဒုတိယအကြိမ်သတိပေးစာတွင် လက်မှတ်ထိုးထားသည်မှာ မှန်ကန်ပါသလားဟု တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ မေးမြန်းချက်ကို ဒေါ်ထွေးထွေးအောင်မှ ဟုတ်ပါသည်ဟု ပြန်လည်ဖြေကြားထားသည်ကိုလည်း စိစစ်တွေ့ရှိရပါသည်။ တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့တွင် အလုပ်ရှင် ဒေါ်နန်းကြိမ်ခမ်း၏ ထွက်ဆိုချက်တွင် စက်ရုံတွင် EC စာချုပ်ရှိပါကြောင်း၊ WCC ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ဒေါ်ထွေးထွေးအောင်သည် အရက်ဝယ်ခဲ့ခြင်းအတွက် လုံခြုံရေးမှစစ်ဆေးသည့်အခါ တွေ့ရှိကြောင်း၊ ထိုကိစ္စအတွက် HR မှ ခံဝန်ထိုးခိုင်းသည့်အခါ ငြင်းပယ်ခြင်းမရှိဘဲ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ နောက်နောင်မည်သည့်စည်းကမ်းချက်များကိုမဆို ကျူးလွန်ပါက အလုပ်ထုတ်ပယ်ခံရမည်။ အရက်သောက်ခြင်းမတွေ့ရပါ။ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် ဒေါ်ထွေးထွေးအောင်မှ စက်ရုံအတွင်းအလုပ်ချိန်တွင် ၅ မိနစ်ကျော်အိပ်နေခြင်းကြောင့် အပြစ်ကျူးလွန်မှုရှိသဖြင့် EC စာချုပ်ပါကြီးလေးသောပြစ်မှု အပိုဒ် (၆)အရ အလုပ်ထုတ်ပယ်ခဲ့သည်ဟု ထွက်ဆိုထားခြင်း၊ စက်ရုံ၏ EC စာချုပ်ပါ နောက်ဆက်တွဲ (က)၊ အပိုဒ် (၂၃) အား ဖောက်ဖျက်သည့်အတွက် ဒေါ်ထွေးထွေးအောင်အား မသင့်တော်တော့ပါသဖြင့် အလုပ်ပြန်ခန့်မည်မဟုတ်ပါကြောင်း၊ ပြန်ခန့်ရန် ဆန္ဒမရှိပါကြောင်း၊ ဒေါ်ထွေးထွေးအောင်သည် အမျိုးသမီးလစဉ်ဓမ္မတာဖြစ်သည်ကို စက်ရုံရှိ Super၊ HR တို့ကို မပြောခဲ့ကြောင်း စသည်တို့ကို စိစစ်တွေ့ရှိရသည်။

၇။ စိစစ်တွေ့ရှိရသော အချက်များကို အခြေပြု၍ အောက်ပါအတိုင်း မိမိတို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ ကောက်ချက်ပြုသည်-

**ကောက်ချက် ။** အလုပ်သမား ဒေါ်ထွေးထွေးအောင်အား အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

**<u>သုံးသပ်ချက်</u>**

၈။ ဒေါ်ထွေးထွေးအောင် (အလုပ်သမား)သည် E & P Fashion Co.,Ltd (အထည်ချုပ်စက်ရုံ) တွင် အလုပ်ဝင်ရောက်လုပ်ကိုင်သည့်ကာလ လုပ်သက်မှာ ယခုဖြစ်ပွားသည့် အငြင်းပွားမှုဖြစ်ချိန်အထိ (၅)လကျော်သာရှိသည်။ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် EC ကို သိရှိလက်မှတ်ရေးထိုးထားပြီး နောက်ဆက်တွဲတွင်ပါရှိသည့် စက်ရုံစည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာ

ရမည့်တာဝန် သိရှိလိုက်နာရမည်ကိုလည်း မိမိတို့အဖွဲ့မှ သုံးသပ်သည်။ အရက်သယ်ဆောင်၍ စက်ရုံအတွင်းသို့ ဝင်ရောက်လာခြင်း၊ စက်ရုံ၏လုပ်ငန်းခွင်တွင် အလုပ်ချိန်ကာလ၌ အိပ်စက်နေခြင်းတို့နှင့်ပတ်သက်၍ အလုပ်ရှင်ဘက်မှ တင်ပြထားသော စာရွက်စာတမ်း၊ CCTV မှတ်တမ်းများကိုလည်း အလေးထားသုံးသပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များသည် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ ထွက်ဆိုချက်များ ၊ တင်ပြအထောက်အထားများကို ပြည့်စုံစွာကြည့်ရှု၍ လေ့လာသုံးသပ်ထားကြောင်းနှင့် လိုအပ်ချက်မရှိကြောင်း မိမိတို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ သုံးသပ်ပြီး အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀-၁၁-၂၀၂၃ နေ့စွဲပါ အငြင်းပွားမှုအမှတ် (၂၃/၂၀၂၃)၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

ဒေါ်မြတ်မြတ်ကျော်
အဖွဲ့ဝင်

ဦးဇော်မင်း
ဥက္ကဋ္ဌ

ဦးသိန်းကြွယ်
အဖွဲ့ဝင်